# သခင့်စကား
## The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့်ဝိညာဉ်ရေးရာစာစောင်


**ငါ့စကားကို ပြည့်စုံစေခြင်းငှာ ငါ စောင့်နေမည်။**

**ယေရမိ – ၁း၁၂**

အမှတ်စဉ် (၁၉၂) ဩဂုတ်လ ၂၀၁၇ ခုနှစ် ဗမ္ဘာ ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

## ချန်ထားခဲ့ပါ

**ချန်ထားခဲ့ပါ** *မင်းအောင်သက်လွင်*



ဆရာကြီး၊ ဆရာကြီး ဆိုတဲ့ နှုတ်ဖျား အသီးများ -
 ကောင်းကင် တံခါးဂ မှာ ချန်ထား ခဲ့ပါ။
မာစတာ ဒီဂရီ ပါမောက္ခ စာချုပ်ဂွိုလ် ဆိုတဲ့ ရာထူးများ -
 ကောင်းကင် တံခါးဂမှာ ချန်ထား ခဲ့ပါ။
ဘောစိ သူဌေး ခရိုနီ သန်းကြွယ်သူကြွယ် ဘီလျံနာ ဆိုသူများ -
 ကောင်းကင် တံခါးဂမှာ ချန်ထား ခဲ့ပါ။
အင်္ဂလိပ် လူဖြူ လူမဲ ဥရောပ တရုတ် မွန် ဗမာ စတဲ့ လူမျိုးအကြီးကြီးများ -
 ကောင်းကင် တံခါးဂမှာ ချန်ထားခဲ့ပါ။
စတာလင်ပေါင် ဒေါ်လာ ကျပ်ငွေ ယန်းငွေများ -
 ကောင်းကင်တံခါးဂမှာ ချန်ထား ခဲ့ပါ။



မာစီဒီး ဘီအန်ဒဗလျူ I Phone I pad များ -
 ကောင်းကင် တံခါးဂမှာ ချန်ထား ခဲ့ပါ။
ညွှန်မှူး ပါချုပ် ဗိုလ်လုပ် အုပ်ချုပ်သူတွေရဲ့ နာမည်ကြီးများ -
 ကောင်းကင် တံခါးဂ မှာ ချန်ထားခဲ့ပါ။
စင်ကာပူနိုင်ငံသား အမေရိကန်နိုင်ငံသား ဩြော်ဇီနိုင်ငံသား
 ဘာသား ညာသားတွေ အားလုံး - ကောင်းကင် တံခါးဂမှာ ချန်ထား ခဲ့ပါ။
"ဒါဆို ကောင်းကင်နိုင်ငံကို ဘယ်လိုလူတွေ ဝင်ရမှာလဲ" သခင်က ပြန်ပြောတယ်။
"သူငယ် ကဲ့သို့ မခံယူလျှင်၊ ကောင်းကင်နိုင်ငံ မဝင်" တဲ့ ။ ။ မင်းအောင်သက်လွင်
 [မာကု ၁၀း၁၅ - အကြင်သူသည် ဘုရားသခင်၏ နိုင်ငံတော်ကို သူငယ် ကဲ့သို့ မခံမယူ။ ထိုသူသည် နိုင်ငံတော်သို့ မဝင်ရ - - ။ ]


---

## အပေးအယူ

**အပေးအယူ** *စိုက်သူ*



လောက တခွင် ၊ ပတ်ဝန်းကျင်တွင်
ဂိုညာဉ် မျက်စိ ၊ ရှိတုံဘိက
ကြည့်မြင်သမျှ ၊ ရှုတိုင်းလှ၏ ။
 လောကတခွင် ၊ ပတ်ဝန်းကျင်တွင်
 ချစ်ခြင်းအသိ ၊ ရှိတုံဘိက
 ပြောကြားသမျှ ၊ ဆိုတိုင်းလှ၏ ။
လောက တခွင် ၊ ပတ်ဝန်းကျင်တွင်
သစ္စာကတိ ၊ ရှိတုံဘိက
လုပ်ကိုင်သမျှ ၊ တင့်တယ်လှ၏ ။



 ဂိုညာဉ်ချစ်ခြင်း ယုံကြည်ခြင်း၌
 သစ္စာကတိ စဉ်ထားရှိသော် -
 အဘယ်မှာ ငရဲ ရှိမည်နည်း ။
 အဘယ်မှာ အမုန်း ရှိမည်နည်း ။
 အဘယ်မှာ အရှုံး ရှိမည်နည်း ။ ။ စိုက်သူ

## မျက်ကန်းတစ်ကောင်ရဲ့အလင်း

**မျက်ကန်းတစ်ကောင်ရဲ့အလင်း** *ခန့်သစ်ရှင် [KPMM]*



တော်သူတွေ ၊ မတော်သူတွေ
ပျော်သူတွေ ၊ မပျော်သူတွေနဲ့
ဇာတိ -- နင်ရယ် ငါရယ် ။
လောကရယ် -- မောဟရယ်
အဝမ္ဗရယ် ၊ ဒေါသရယ် ။
ပေတရု ရွှေ့လိုက်တဲ့ ကွန်က ငါးမိတယ်။
ငါ့ ကွန်က အပြန့် ၊ လူတစ်ကိုယ်စာလောက် အပေါက် ရှိတယ် ။
ရွှေ့လိုက်တဲ့အခါ ရေက ခြေမျက်စိ မြုပ်ရုံလေး
အဲဒီမှာ - - -



ဧဝ ပေးတဲ့ အသီးကို ၊ အာဒံ မစားခဲ့ဘူး ။
ခံယူတဲ့ သူက တကယ် စားခဲ့တာ ။
ငါ့ ဂမ်းထဲမှာ အဲ့ဒီ အသီးက တစ်လုံး မကဘူး ။
ငါ့ ခံယူချက်က မှားခဲ့တာ။
အသစ် အသစ်တွေ ၊ ပြင်နေတဲ့ကြားမှာ -
အဟောင်းတွေကို အဖော်ပြုပြီး
မှိုတက်နေတဲ့ ငါ့စိတ်တွေက မလတ်ဆတ်သေးပါလား။
ကဗ္ဗလာလို နီသော်လည်း ၊ သင့်ရဲ့ အပြစ်တွေကို
ပကတိ ဖြူစင်စေမဲ့ အသွေးတော်နဲ့ ရွေးယူခဲ့တဲ့ သခင်
အခုတော့ - ငါ မြင်နေရပြီ ။
သခင်ရယ် - အရှင်ရယ် - ဘုရင်ရယ် ဆိုတာ
ကိုယ်တော်တစ်ပါးမှ ၊ အခြား မရှိ ဆိုတာ ကိုပေါ့ ။ ။ ခန့်သစ်ရှင် [KPMM]

---

## လက်တော်သို့အပ်လိုက်ပါ

**"လက်တော်သို့အပ်လိုက်ပါ"** မေသူ (ဇောနေဇာအသင်းတော်)



ပျော်လိုက် ဆွေးလိုက်ရယ်နဲ့ကွယ်
စုံနှစ်တွေ တို့ဘဝ၊ မိုးကုပ်ကောင်း မှာလ
သိတတ်သမျှ ကြံစည် သလေ၊
တွေးထင်တိုင်း ဖြစ်မလာတတ်ပေ...။
ကိုယ့်အားကိုယ် ကိုးပါလို့ ၊ ရုန်းလိုက်ကြတဲ့ ဆုံလည်နွား၊
အဆုံးမှာ မသေချာ မရေရာမှုနဲ့သာ တွေ့ရသည်တကား။
ယုံကြည်သူ ဖြစ်ပါလို့ ၊ ခြားနားစွာ ခံယူသလေ
တွေးကြည့်ပါ အဆွေ...၊ တို့ဘဝ ခရီးအထွေထွေ
 အိုး ... ဖြစ်ချင်တာ ဖြစ်စမ်း။ အရာရာ လက်တော်ထဲ အပ်ပါမှ -
ဆွေးပူဗျာ ကင်းစေဖို့၊ ဖေးကူစရာ သခင်လည်း ရှိပြီမို့
နောင်အရေး စိတ်ဂယ်အေးတကာ
 မိတ်ဆွေတို့ရေ - ယုံကြည်သူ ဖြစ်ရတာ
 ကျေးဇူးတော် ချီးမွမ်း ။ ။ မေသူ (ဇောနေဇာအသင်းတော်)

---

## အရာရာအတွက်

**အရာရာအတွက်** *ဆယ်မြူရယ်စိုးလွင်*



ဘဝရဲ့ဖြစ်စဉ်မှာ၊ သင်မပါဘဲ
ငါ့ဘဝ မပီပြင်ဘူးလို့ ၊ ရိုးသားစွာ ဝန်ခံပါတယ်။
ကောင်း ဆိုး နှစ်တန်၊ လောကဓံ က
သင်မပါ ငါမရ ယူနိုင်ပါဘူး။ လိုလားစွာ ငါလက်ခံတယ်။
ဘဝပီပြင် ၊ လောကကို အလှဆင်ဖို့
သင့် အရှိ အဖြစ်နဲ့ -
ငါ ကြည်ဖြူစွာ ခရီးဆက် နေပါရစေ ။ ။ ဆယ်မြူရယ်စိုးလွင်

## လက်တစ်ကမ်း

**လက်တစ်ကမ်း** *ဖွန်ပန်း*




*မျက်စိ တမိုတ် အတွင်းမှာ ၊ သေခြင်းတရားက
ကျမ တို့ရဲ့ လက်တကမ်းမှာ -



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၂ ဩဂုတ်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၃၀ ထုတ်ဝေသည်။



*အဲ့ဒီ မျက်စိ တမှိတ်အတွင်းမှာ
သင် ဘာတွေ လုပ်ဆောင်ခဲ့ပြီးပြီလဲ။
*ခုချိန် မျက်စိ တမှိတ်အတွင်း -
ကြုံရမဲ့ လက်တကမ်းအတွက်၊
သင် အဆင်သင့် ဖြစ်ပြီလား။
*သေခြင်းတရား ဆိုတာ၊ သက်ရှိ သတ္တဝါ အားလုံး
မလွန်ဆန်နိုင်တဲ့ အရာ တစ်ခုပါ။
*မျက်စိ တမှိတ်လေးမှာ ကြုံတွေ့ရမဲ့ သေခြင်းတရားမှာ၊
သင့်ရဲ့ ခန္ဓာက အစ သင့်နောက်၊ သယ်ဆောင်သွားလို့ မရဘူး။
*အဲ့ဒီ မျက်စိ တမှိတ်လေးမှာ -
သင်နှင့်အတူ တမလွန် ယူဆောင်လို့ရတဲ့
အရာလေး တစ်ခုကတော့ -
*သင် မျက်စိ မမှိတ်ခင်၊ သင် ပြုလုပ်ခဲ့သော
ကောင်းကျိုး အဖြာဖြာတွေပေါ့ ။



*ချစ်သော မိတ်ဆွေ - ထာဝရ ဘုရားက၊
မျက်စိ တမှိတ် အတွင်း၊
သူ့အလိုတော် ဆောင်ရွက်သူများ
အားလုံးကို "အမှု့ပြီးပြီ" တဲ့ ။
*သင့် မျက်စိ တမှိတ်၊ လက်တကမ်း
မရောက်ခင် သင့်တာဝန် ကျေပြီလား ။
ထာဝရဘုရားအတွက် -
သင်ဘာတွေ အလိုတော် ဆောင်ရွက်ပြီးပြီလဲ ။
တမလွန်အတွက် သင် အဆင်သင့်ဖြစ်ပြီလား မိတ်ဆွေ ။
* သင် အမှု မပြီးခင်၊
ကိုယ်တော်၏ အလိုတော်ဆောင်သောသူ ဖြစ်ပါစေလို့ - ။
*ယေရှုနာမဥ္ဇ*     ~ ~ ~ ~ ဖွန်ပန်း ~ ~ ~ ~

----------------------------------------------------

# တူတူ၊ မတူတူ

**တူတူ၊ မတူတူ** *Saw Z Net Eagle*

တချို့က တူတယ် ။ တချို့က မတူဘူး ။
တူတဲ့ သူက မတူတဲ့ သူကို၊ မတူလို့တဲ့ အတူတူ မနေချင် ။
မတူတဲ့ သူကလဲ တူတဲ့ သူကို၊ တူနေလို့တဲ့ မတူစေချင် ။
တူမှ ပေါင်းမယ်ဆိုရင် မတူတဲ့အတွက် -
ဘယ်တော့မှ အတူတူ ပေါင်းသင်းလို့ မရ ။



ဖန်ဆင်း ကတည်းက -
မတူအောင် ဖန်ဆင်းထားတယ် ။
သို့သော် တလုံးတဝတည်း ဖြစ်တယ် ။
တူအောင် ညှိမနေနဲ့ -
တလုံးတဝတည်း ဖြစ်အောင်နေ ။
သင့် အတွေးအခေါ်နဲ့၊
ကျွန်ုပ် အတွေးအခေါ် မတူပါဘူး ။
မတူလို့ မှားမယ်ဆို၊
သင်ရော ကျွန်ုပ်ရော မှားပြီ ။



သခင်ယေရှု - နောက် တခေါက်လာ၊ ဆုတောင်း၊ ကားစင် တက် ။
သခင်ယေရှု - နောက် တခေါက်လာ၊ ဆုတောင်း၊ ကားစင် တက် ။
သခင်ယေရှု - နောက် တခေါက်လာ၊ ဆုတောင်း၊ ကားစင် တက် ။ - - - -
တူတယ်၊ မတူဘူးနဲ့။
ငြင်းခုန်နေရင် တလုံးတဝ မဖြစ်ဘူး ။
သေချာတယ် သင်နှင့် ကျွန်ုပ်ကြောင့် -
သခင်ယေရှု ဆုတောင်း မပြည့်ခဲ့ဘူး ။ ။     *Saw Z Net Eagle*

# အမှား

**အမှား** *Sai Naung [Kalay]*



တရေးနိုးတဲ့ ည၊ ထ လမ်းလျှောက်အုံးမှ -
စကြံန်ပေါ်မှာ လျှောက်၊ မျက်စိက တစ်နေရာရောက် ။
ရေစိုနေတဲ့ မိန်းကလေး၊
ကောက်ကြောင်းလေးတွေ့ သူထိုင်ငေး ။
သူမ အလှမှာ ရှုန်လျှောကာ၊ ဒါဝိဒ်မင်းကြီး ငွမ်း တော့တာ ။
တပ်မက်အားကြီး တဏှာမီး၊ ရှင်ဘုရင် ဒါဝိဒ်ကြီး ။
နာသန် အားဖြင့် ဖော်ပြကာ၊
ဒါဝိဒ်မင်းကြီး သိပ်ရှက်စရာ ။
ဖော်ပြဂန်ချ သူ့နောင်တ၊
စွန့်ပစ် ထိုအမှား ။          ။ Sai Naung [Kalay]

# အကျင့်၏နောက်ကွယ်မှာ

**အကျင့်၏နောက်ကွယ်မှာ** [ KKW ]

တစ်နေ့ အိမ်သို့ အပြန် စီးလာသော တက္ကစီပေါ်မှ စာတန်းလေး တစ်ကြောင်း က ကျမကို အာရုံ ဖမ်းစားလိုက်ပါသည်။ "ကိုယ်ပြု သ ည့်ကံ ၊ ကိုယ်သာ ခံ။ အမှန် ပြန်လာမည် " တဲ့။ ဒီစာတန်းလေးကို ဖတ်ပြီးနောက် ကျမ စိတ်ထဲမှာ တွေးစရာလေးတွေ အများကြီး ပေါ်လာပါတယ်။ ကံ ဆိုတာ အလုပ်တစ်ခုပါဘဲ။ ဒါ့ကြောင့် ကိုယ် လုပ်လိုက်မိတဲ့ အလုပ် တစ်ခုဟာ ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ၊ ကောင်းတာ လုပ်ခဲ့ရင် ကောင်းတဲ့ အကျိုး၊ ဆိုးတာ လုပ်ခဲ့ရင် ဆိုးတဲ့ အပြစ်ဟာ တစ်နေ့ ကိုယ့်ဆီ ပြန်လာလိမ့် မယ် ဆိုတဲ့ အဓိပ္ပါယ်ကို ဒီစာတန်းလေးက ဖော်ပြ သတိပေးနေပါတယ်။ အလုပ်တစ်ခုဟာ လုပ်ပါများလာရင် အကျင့် ဖြစ်သွားပါတယ်။



ကျမတို့ နှုတ်ကပါတ်တော် ထဲမှာလဲ၊ ဒီလိုဘဲ အကျင့်နဲ့ ပါတ်သက်ပြီးတော့ ပွင့်ပွင့်လင်းလင်း ဖော်ပြထားတာ ရှိပါတယ်။ သုတ္တံ ၁း၃၁ မှာ ကိုယ်ကျင့်ခြင်း၏ အကျိုး အပြစ်ကို စား၍ ကိုယ်ကြံသော အကြံနှင့် ဝ ကြလိမ့်မည်။ ဒါ့ကြောင့် ဒီနေ့ ကျမတို့ ဘယ်လို အလုပ်မျိုးတွေ လုပ်နေကြသလဲ။ ဘယ်လို ကျင့်ကြံ ပြီးတော့ အသက်ရှင် နေကြပါ သလဲ ဆိုတာ အလေးအနက် ထားပြီး စဉ်းစားကြဖို့ လိုအပ်ပါတယ်။ ဂလာတိ ၆း၄ မှာလဲ လူတိုင်း ကိုယ်ပြုသော အမှုကို စစ်ကြောစေ လို့၊ ပွင့်ပွင့်လင်းလင်း ဖော်ပြထားပါတယ်။ ကိုယ့်ကိုယ်ကို စစ်ကြောမိကြရဲ့လား။ ဂလာတိ ၆း၇ တွင်လဲ လူသည် မိမိမျိုးစေ့ ကြဲသည် အတိုင်း အသီးအနှံကို ရိတ်ရလိမ့်မည်တဲ့ ဒါ့ကြောင့် ငါ ဆိုတဲ့ ဇာတိသဘော ကင်းတဲ့ မျိုးစေ့ကို ကြိုးစားပြီး ကြဲဖြန့်ကြပါလို့ ဇာတိ သဘောပါတဲ့ အသက်တာဟာ ကျဉ်းမြောင်း ပါတယ်။ ပုလောင်ပါတယ်။ တကိုယ်ကောင်း ဆန်ပါတယ်။ ဝိညာဉ်သဘောနဲ့ ပြည့်ဝတဲ့ ဘဝကို တည်ဆောက်ပါ။ ဒီအသက်တာမျိုးသည် နက်ရှိုင်းတဲ့၊ သာယာတဲ့၊ ကျယ်ဝန်းတဲ့၊ ပျော်ရွှင်စရာ ကောင်းတဲ့ အသက်တာမျိုး ဖြစ်ပါတယ်။

လောကမှာ လူ၂မျိုး ရှိပါတယ်။ ပထမ လူ တစ်မျိုးကတော့ ကိုယ့်အတွက်ဘဲ ကိုယ်ကြည့်တတ်တဲ့ ဇာတိ လူမျိုးဖြစ်ပါတယ်။ ငါရယ် ငါ့မိသားစုရယ်ဘဲ ရှိပါတယ်။ သူတပါးအကျိုးကို မလိုလားဘူး။ သူတပါး ကောင်းစားတာကို မနာလို မရှုစိမ့်သူ ဖြစ်ပါယတ်။ ဒုတိယ လူတစ်မျိုးကတော့ အများအကျိုး အတွက် ကြည့်တတ်တဲ့ လူတစ်မျိုး ဖြစ်ပါတယ်။ ကိုယ်နှင့် စပ်ဆိုင်သော သူ၏ အကျိုးကို လိုလားပြီး သူများ အတွက် ထည့်သွင်းစဉ်းစား ပေးတတ်သူ၊ ချစ်တတ်တဲ့ လူမျိုး ဖြစ်ပါတယ်။ သူများကို အမြဲ ကူညီ မစ သော သူသည် ကိုယ်လိုအပ်သော အချိန်မှာ ဒုက္ခ ဖြစ်ချိန်မှာလဲ ကိုယ့်ကို အမြဲ ကူညီ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၂ ဩဂုတ်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၃၀ ထုတ်ဝေသည်။

မစသော သူများနဲ့ တွေ့ရတတ်ပါတယ်။ ရေငတ်နေတဲ့ သူကို သင် ရေတစ်ခွက် တိုက်ဖူး ရဲ့လား။ သူတပါးကို ရေလောင်းသော သူသည် ကိုယ်တိုင် ရေလောင်းခြင်း အကျိုး ကို ခံရလိမ့်မည်။ သုတ္တံ ၁၁း၂၅ မှာဖော်ပြထားပါတယ်။

Love is giving တဲ့။ ချစ်တတ်တဲ့ သဘော ရှိသောသူသည် ပေးကမ်းခြင်းမှာလဲ ရက်ရော တတ်ပါတယ်။ သူများကို ပေး ကမ်းရတာ အလွန် ပျော်စရာ ကောင်းပါတယ်။ ပေး ကမ်းခြင်း ဆိုတာ ငွေကြေးဥစ္စာပစ္စည်းမျှသာ မဟုတ်ဘဲ ကောင်းတဲ့ ပုံသက်သေကို ပေးခြင်း၊ ကိုယ့်ရဲ့ အစွမ်းသတ္တိဖြင့် သော်လည်းကောင်း၊ နှုတ်အားဖြင့်သော်လည်းကောင်း၊ ကူညီ မစခြင်း၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကူညီပေးခြင်း၊ တဘက်လူရဲ့ ရင်ထဲက မွန်းကျပ် မှုများကို အချိန်ပေး၍ နားထောင်ပေးခြင်းဖြင့် သူတပါးရဲ့ ရင်ကို သက်သာ စေခြင်းများဟာ လဲ ပေးကမ်းခြင်းထဲမှာ ပါဝင် ပါတယ်။



ဒီနေ့ ကျမတို့ နေ့စဉ် အသက်တာမှာ ဘယ်လို ပေးကမ်းခြင်းမျိုး အလုပ်များ လုပ်ပြီး အသက်ရှင် နေကြပြီလဲ။ ငါ့ရဲ့ မိသားစု တစ်ခုတည်းအတွက်သာ မဟုတ်ဘဲ မိမိ ရှိနေတဲ့ ပါတ်ဝန်းကျင် အတွက်ပါ။ ထည့်သွင်း စဉ်းစားပြီး အမျိုးမျိုးသော ပေးကမ်းခြင်း အလုပ် များကို လုပ်ပြီး အသက်ရှင် ရပါမယ်။ ကျမတို့ ပတ်ဝန်းကျင်က ကျမတို့ကို ဖတ်နေ ပါတယ်။ မှတ်နေပါတယ်။ သြော် - ခရစ်ယာန်တွေရဲ့ အသက်ရှင်ခြင်းက ဒီလိုမျိုးပါလား။ လို့ မှတ်တမ်း တင်မိရသည်အထိ အကောင်းဆုံး အသက်ရှင်ပြရပါမယ်။ ကျမ မိခင်ရဲ့ လက်သုံး စကားလေး တစ်ခုကို သတိရမိပါတယ်။ Give and you will be given. အမေ့ နှုတ် ထဲမှာ အမြဲ သီး နေတဲ့ စကားလေးပါ ။ နှုတ်ထဲမှာ သီး နေသလို၊ လက်ကလဲ တကယ် လိုအပ် နေသော သူများ ကို အစ ဉ် ပေးကမ်း တတ်ပါတယ်။ သူများကို ပေးလိုက်လို့ ကိုယ့်မှာ မလျော့သွားပါဘူး။ ပြန် ပြည့်လာပါတယ်။ မယုံရင် စမ်းကြည့်ပါ မိတ်ဆွေ။

လူကျင့်သော အကျင့်တို့ကို ထာဝရ ဘုရားသည် နှစ်သက်သောအခါ ထိုသူ၏ ရန်သူ ကိုပင် သူနှင့် သင့်တင့်စေတော်မူ၏။ သုတ္တံ ၁၆း၇ မှာ ဖော်ပြထားပါတယ်။ ဘုရား သခင် နှစ်သက်သော အကျင့်ကို ကျင့်တတ်ရပါမယ်။ ဘုရားသခင်ရှေ့မှာ မတင့်တယ်တဲ့ အရာသည် အမင်္ဂလာ ဖြစ်ပါတယ်။ ဘုရားသခင် မကြိုက်ပါ။ ဘုရား နှစ်သက်သော အကျင့် ဖြစ်မယ်ဆိုရင် မင်္ဂလာ ဖြစ်စေပြီး ကောင်းကြီးများစွာ ချပေးမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ယနေ့ ကောင်းစားခြင်းနှင့် ဆင်းရဲခြင်းသည် ယနေ့ သင်လုပ်နေတဲ့ အလုပ်အပေါ်မှာဘဲ မူတည် ပါတယ်။ သူများကို ပေးကမ်းတတ်တဲ့ အကျင့်၊ ကူညီ မစတတ်တဲ့အကျင့်၊ အရာရာ၌ ကျေးဇူးတော် ချီးမွမ်းတတ်တဲ့ အကျင့်ကောင်းများကို ကြိုးစားပြီး ကျင့်လျှက် အသက်ရှင် ရအောင်ပါ။

ငါတို့ ရှိသမျှသည် ကိုယ်ခန္ဓာ၌ ကျင့်သော အကျင့်၊ ကောင်း မကောင်းရှိသည် အတိုင်း အကျိုးအပြစ်ကို အသီးသီး ခံစေခြင်းငှာ ခရစ်တော်၏ တရားပလ္လင်ရှေ့၌ ပေါ်လာ ရကြမည်။ ၂ကော ၅း၁၀။

ဒါ့ကြောင့် နောက်ဆုံးအနေနဲ့ ယနေ့ဖြစ်နေတဲ့ အရာဟာ အရင်က သင် စိုက်ပျိုး ခဲ့တာကို ပြန်လည် ရိတ်သိမ်းနေရခြင်းဘဲ ဖြစ်ပါတယ်။ နောင်အခါ သင် ဘာကို ရိတ်သိမ်း ချင်ပါသလဲ။ အခု - စိုက်ပါ။

Be a blessing wherever you go. [ KKW ]

---

# ဘုရားသခင်ကိုသင်စိတ်ဆိုးနေသလား

**"ဘုရားသခင်ကို သင် စိတ်ဆိုးနေသလား"**

မေသူ (ဇောနေဇာအသင်းတော်)

ငါ့ကျမှ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။ ငါ့ကို ဘုရားသခင် ဘာမှ မလုပ် ပေး ဘူးလား။ ဘရာဇီးနိုင်ငံက အသက် ၂၄နှစ် အရွယ် ဆီဒနိတ်က အဲဒီ မေးခွန်း တွေနဲ့ စိတ်ရှုပ်ထွေးနေတယ်။ သူက ရေလွှာ လျှောစီးရင်းနဲ့ မတော်တဆ ထိခိုက် သွားတဲ့အတွက် ဘီးတပ် ကုလားထိုင်မှာ ရာသက်ပန် နေသွားရရှာတယ်။ မတော်တဆ ဖြစ်မှု၊ ဖျားနာသူ၊ ချစ်ရသူတစ်ဦး သေဆုံးမှု သဘာဝဘေးဒဏ်နဲ့ စစ်ပွဲ တွေကြောင့် ဆင်းရဲဒုက္ခ ခံရပြီဆိုရင် လူတွေက ဘုရားသခင်ကို မကျေမနပ် ဖြစ်ပြီး စိတ်ဆိုးလာကြတယ်။ အဲဒီလိုဖြစ်တာ မဆန်းပါဘူး။

ရှေးခေတ်က သစ္စာရှိ ဘိုးဘေး ဖြစ်သူ ယောဘ လည်း ဒုက္ခတွေ တစ်ခုပြီးတစ်ခု ခံစားရတော့ ဘုရား သခင် ကို အထင်လွဲပြီး အပြစ်တင်တဲ့ အပြင် ခုလို ပြောခဲ့တယ်။ "ကိုယ်တော်အား ကျွန်ုပ် အော်ဟစ်သော်လည်း ထူးတော် မမူ။ မတ်တတ် နေသော်လည်း မှတ်တော် မမူ။ ကိုယ်တော်သည် ပြောင်းလဲ၍ အကျွန်ုပ် အပေါ်တွင် ရက်စက် လျှက် အားကြီးသော လ က်ရုံးတော်ဖြင့် ညှင်းဆဲတော်မူ၏။(ယောဘ ၃၀း၂၀-၂၁)

ဘယ်သူကြောင့်၊ ဘာကြောင့် ဆင်းရဲဒုက္ခ ခံနေရမှန်း ယောဘ မသိရှာခဲ့ဘူး။ ဒါပေမဲ့ ကျွန်ုပ်တို့ က ဆင်းရဲဒုက္ခတွေ ဘာကြောင့် ဖြစ်ရတာလဲ၊ ကြုံ လာရင် ဘယ်လို ကျော်လွှားနိုင်မလဲ။ စတာတွေကို ကျမ်းစာမှာ ဖော်ပြပေးထားလို့ သိထားကြတယ်။



(၁) "ဘုရားသခင်က လူတွေကို ဆင်းရဲဒုက္ခ ခံစေ ချင် တာလား။"

ဘုရားသခင်နဲ့ ပါတ်သတ်ပြီး ကျမ်းစာမှာ ခုလို ဆိုထား ပါတယ်။ ဘုရားသခင်၏ အမှုတော်သည် စုံလင်ပေ၏။ စီရင်တော်မူသမျှ တို့သည် တရားနှင့် ညီလျှက် သစ္စာစောင့်သော ဘုရား အပြစ် ကင်းလွတ်၍ ဟုတ်မှန် ဖြောင့်မတ်သော ဘုရား ဖြစ်တော် မူ၏။ (တရားဟော ၃၂း၄) ကိုယ်တော်က ဟုတ်မှန် ဖြောင့်မတ်တဲ့ဘုရားလို့ ပြောပြီး တော့ လူတွေကို ဆင်းရဲ ဒုက္ခ ခံစေချင်တယ်။ ဒါမှမဟုတ် ကပ်ဘေးတွေနဲ့ လူ တွေကို ဒဏ်ခတ်ပြီး ဖယ်ရှား တယ် ဆိုတာက ယုတ္တိ ရှိပဲ့မလား။ ဖြစ်ကော ဖြစ်နိုင် ပဲ့မလား။

ကျမ်းစာမှာတော့ ခုလို ပြောထားတယ်--"စမ်းသပ် ခံရသောအခါ ငါ့ကို ဘုရား သခင်သည် စမ်းသပ်သည်" ဟု မည်သူမျှ မဆိုစေနှင့်။ အကြောင်းမူကား မကောင်းသော အမှုများဖြင့် မစမ်းသပ်နိုင်သကဲ့သို့ ကိုယ်တော် သည်လည်း မည်သူ့ကိုမျှ စမ်းသပ် တော်မမူ။ (ယာကုပ် ၁း၁၃) သမိုင်း တစ်လျှောက်မှာ လူတွေက ဆင်းရဲဒုက္ခတွေ အကြီးအကျယ် ခံစား ခဲ့ရတယ်။ "ဖန်ဆင်းခံ အရာ ရှိသမျှသည် ယခုတိုင်အောင် တညီတညွတ်တည်း သွား၍ ဝေဒနာ ခံစား နေရသည်" ဆိုတဲ့ ကျမ်းစာ ဖော်ပြချက်က မှန်နေတယ် မဟုတ်လား။ (ရောမ ၈း၂၂)

(၂) ဆင်းရဲဒုက္ခ ဘာကြောင့် ဖြစ်ရ။

ဆင်းရဲဒုက္ခတွေ ဖြစ်ရတဲ့ အကြောင်းအရင်းကို သိနိုင်ဖို့ ဆင်းရဲဒုက္ခဦးဆုံး ဖြစ်ခဲ့ချိန် သုံးသပ် ကြည့်ဖို့ လိုပါတယ်။ ပုန်ကန်တဲ့ ကောင်းကင်တမန် စာတန်ရဲ့ သွေးထိုး လှုံ့ဆော်မှုကြောင့် အာဒံနဲ့ ဧ ဝ က ဘုရားသခင်ပဲ ခွဲခြားနိုင်တဲ့ အမှားအမှန် စံနှုန်းကို ငြင်းပယ် ခဲ့ကြတယ်။ အဲဒီ စံနှုန်းက "အကောင်းနှင့် အဆိုးကို ပိုင်းခြား သိမြင်နိုင်စေသော အပင်၏ အသီး"ကို မစားနဲ့လို့ ဆိုတဲ့ ဘုရားသခင်ရဲ့ မိန့်မှာချက်ကို ကိုယ်စား ပြုပါတယ်။



စာတန် မာရ်နတ်က ဘုရားရဲ့ စကားကို ဧဝ နားမထောင်ရင်လည်း သေမှာ မဟုတ်ဘူးလို့ ပြောလိုက်တာဟာ ဘုရား ကို လိမ်ညာသူလို့ စွပ်စွဲ လိုက်တာ ဖြစ်တယ်။ ဒါ့အပြင် ဘုရားသခင်က လူတွေကို အကောင်း အဆိုး ဆုံးဖြတ် ပိုင်ခွင့်ကို မပေးဘူးလို့လည်း စွပ်စွဲသေးတယ်။ (ကမ္ဘာဦး ၂း၁၆-၁၇) (ခမ ၃း၁-၆) လူသားတွေက ဘုရားသခင် အုပ်ချုပ်မှု မပါပဲ သူတို့ဖာသာ သူတို့ ကောင်းကောင်း နေနိုင်တယ် ဆိုတဲ့ သဘောမျိုးနဲ့ စာတန်မာရ်နတ် ပြောနေတာ ဖြစ်တယ်။ အဲဒီ အချက်တွေကြောင့် အလွန် အရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ်လာ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၂ ဩဂုတ်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက် အခမဲ့ ဖြန့်ဝေရန် ဂန့်သာ ထုတ်ဝေသည်။


တယ်။ ဘုရားသခင်က လူသားတွေရဲ့ အုပ်စိုးရှင် ဖြစ်ထိုက်သလား။ ဒါတင် မကဘူး။ နောက်ထပ် အရေးကြီး ကိစ္စတစ်ခု ကိုလည်း စာတန် က ပေါ်ပေါက် စေတယ်။ လူတွေက ကိုယ်ကျိုးအတွက် ဘုရားသခင်ကို ဂုတ်ပြုတာလို့ စွပ်စွဲ ခဲ့တယ်။ သစ္စာရှိသူ ယောဘနဲ့ ပတ်သတ်ပြီး ဘုရားကို မာရ်နတ် ဒီလို ပြောခဲ့တယ်။ "ကိုယ်တော်သည် သူနှင့် သူ၏ အိမ်ထောင်စု ကိုလည်းကောင်း သူ ပိုင်သမျှ ဥစ္စာပစ္စည်းကို လည်းကောင်း ကာကွယ် စောင့်ထိန်း တော်မူခဲ့တယ်။ အကယ်၍ ကိုယ်တော် သည် သူပိုင်သမျှသော ပစ္စည်းဥစ္စာများကို ဖယ်ရှား လိုက်ပါက သူသည် ကိုယ်တော်အား မျက်မှောက်တော်၌ ကျိန်ဆဲ ပါလိမ့်မည်။" (ယောဘ ၁:၁၀-၁၁) အဲဒီ စကားတွေဟာ ယောဘနဲ့ ပတ်သတ်ပြီး စာတန် ပြော နေတာ မှန်ပေမဲ့ တကယ်ဆိုရင် လူတွေ အားလုံးကလည်း ကိုယ်ကျိုးစိတ်နဲ့ ဘုရား ဂုတ်ပြုနေတာပါလို့ ပြောလိုက်တာ ဖြစ်တယ်။

(၃)အရေးကိစ္စ တွေကို ဘုရားသခင် ဖြေရှင်းပုံ။

ပေါ်ပေါက်လာတဲ့ အရေးကိစ္စ တွေကို တစ်ခါတည်းနဲ့ အပြီး အပိုင် ဖြေရှင်း နိုင်မယ့် အကောင်းဆုံး နည်းလမ်းက ဘာဖြစ်မလဲ။ ဉာဏ် ပညာ အရှိဆုံး အရှင် ဘုရားသခင်ဆီမှာ အကောင်းဆုံး ဖြေရှင်းနည်း ရှိပါတယ်။ အဲဒီ ဖြေရှင်းနည်းကြောင့် ကျွန်ုပ်တို့ ခံစားနေရတဲ့ မကျေနပ် ချက်တွေ ပြေပျောက် သွားမှာ ဖြစ်တယ်။ (ရောမ ၁၁:၃၃)။ ဒါဆိုရင် ဘုရားသခင်က လူတွေအတွက် မိမိရဲ့ ရည်ရွယ်ချက် ဖြစ်မြောက်အောင် ဘယ်လိုလုပ်ပေးမလဲ။ တပည့်တွေကို အခုလို ဆုတောင်းဖို့ ယေရှု သင်ပေးခဲ့တယ်။

"နိုင်ငံတော် တည်ထောင် ပါစေသော်ဂ်။ အလိုတော် သည် ကောင်းကင် ဘုံ၌ ပြည့်စုံ သကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံပါစေ။ (မသဲ ၆:၁၀) ဘုရား သခင်က အချိန်တန်တဲ့အခါ မိမိ နိုင်ငံတော် အားဖြင့် ဆင်းရဲ ဒုက္ခ ဖြစ်ရတဲ့ အကြောင်းရင်း အားလုံးကို ဖယ်ရှား ပေးတော့မှာပါ။ (ဒံယေလ ၂:၄၄-၄၅) ဆင်းရဲဒုက္ခ ရောဂါဘယ သေခြင်းတို့ က အတိတ်မှာ ကျန်ရစ် ခဲ့တဲ့ အရာတွေ ဖြစ်သွား ပါလိမ့်မယ်။

ဆင်းရဲသားတွေနဲ့ ပါတ်သတ်ပြီး ဘုရား သခင်က 'ဟစ်အော် အကူညီ တောင်းကြသည့် ဆင်းရဲ သူတို့အား ကယ်ဆယ် တော်မူ၏' လို့ ကျမ်းစာ ဆိုထား ပါတယ်။ (ဆာလံ ၇၂:၁၂-၁၄) ဖျားနာသူတွေနဲ့ ပတ်သတ်ပြီး ကျမ်းစာ မှာ အခုလို ဂတိ ပေးထားတယ်။ "မြို့သား ကလည်း 'ငါနာ' သည်ဟု မဆိုရ။ (ဟေရှာယ ၃၃-၂၄) ဘုရားသခင့် မှတ်ဉာဏ်ထဲမှာ ရှိတဲ့ သေလွန်သူ တွေနဲ့ ပတ်သတ်ပြီး ယေရှုက "သင်္ချိုင်းများမှာ ရှိသော သူအပေါင်း တို့သည် သားတော် ၏ စကားသံကို ကြား၍ ထွက်လာရမည့် အချိန်ကာလ



ရောက်လိမ့်မည်။ လို့ ပြော ခဲ့တယ်။ (ယောဟန် ၅:၂၈-၂၉) ဒါတွေ အားလုံက အားရှိ စရာ ဂတိတွေပဲ မဟုတ်လား။

နောက်ဆုံး ရေးပြချင် တာကတော့ ဒီ ဆောင်းပါး အစပိုင်းမှာ ပြောပြခဲ့တဲ့ ဆီဒနိတ်က မတော်တဆ ထိခိုက်မှုဖြစ်ပြီး ၁၇နှစ် အကြာမှာ အခုလို ပြောခဲ့တယ်။ "မတော် တဆ ထိခိုက်မှု အတွက် ဘုရား သခင်ကို တစ်ခါမှ အပြစ် မတင်ခဲ့ပေမဲ့ အစပိုင်းမှာ ကိုယ်တော်ကို စိတ်ဆိုးခဲ့တာ အမှန်ပဲ။ မသန်မစွမ်း ဖြစ်သွားရတဲ့ အဖြစ်ဆိုးကြီးကို တွေးမိလိုက်တိုင်း ဂမ်းနည်းပြီး ငိုခဲ့ရတဲ့ ရက်တွေ ရှိပါတယ်။

ဒါပေမဲ့ မတော်တဆ ထိခိုက်မှုဟာ ဘုရားသခင် အပြစ်ပေးတာ မဟုတ်ပဲ ကျမ်းစာ ထဲက ကျွန်တော် သိလာတယ်။ ကျမ်းစာမှာ ပြောထားသလိုပဲ 'မမျှော်လင့်ထားတဲ့ အချိန်မှာ မမျှော်လင့်တဲ့ ဖြစ်ရပ်တွေ' ကျွန်တော်တို့ ကြုံ ရနိုင်ပါတယ်။ ဘုရား သခင် ဆီ ဆုတောင်း ကျမ်းစာဖတ်တာတွေကြောင့် ဘုရားသခင်နဲ့ ဆက်ဆံရေး နောင်ကြိုး ခိုင်မာ လာခဲ့ပြီး အကောင်းမြင် သဘော ထားလည်း ရှိလာပါတယ်။ ဘုရားခင်နဲ့ သားတော်ယေရှုခရစ် တို့ကို ယုံကြည်သူတိုင်း မကျေ မနပ် ဖြစ်စရာ အကြောင်း ရှိမှာ မဟုတ်တော့ပါဘူး။ (ဟေဗြဲ ၁၁:၆ ရောမ ၁၀:၁၁)။ ။ မေသူ (ဗောနေဇာအသင်းတော်)

( အတွေး - တစ်ရှူးလေး ။ သရုပ်ဖော်ပုံ- မင်းအောင်သက်လွင်)




မသေ မရှင် ဖြစ်သွားမယ် ( ကာတွန်း - မင်းအောင်သက်လွင်)




((အခြေပြုကျမ်း။ ။ နောင် ကာလ၌ လူတို့သည် စင်ကြယ်သော ဩဝါဒကို နား မခံနိုင်ဘဲ၊ - - - များပြားသော ဆရာတို့ နောက်သို့ လိုက်ကြလိမ့်မည်။ သမ္မာတရားကို နားမထောင်ဘဲ။ ဒဏ္ဍာရီ စကားကို နားထောင်၍ လွဲသွား ကြလိမ့်မည်။ ၂တိ ၄း၃ ))



သခင့်စကား ဗိုလ်ညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၂ ဩဂုတ်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။